ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၅ ၊ အမှတ် ၆ | ၂၀၂၀ ခုနှစ် ၊ ဧပြီလ ၁ ရက်


## မြန်မာနိုင်ငံမှ ASEAN ပြတင်းတစ်ပေါက်သို့ ဝင်ရောက်ချိတ်ဆက်နိုင်ရေးအတွက် ATIGA e-Form D အား လဲလှယ်နိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် Launch Ceremony ပြုလုပ်ခဲ့သည့် အခမ်းအနား




အထက်ပါ Launch Ceremony အခမ်းအနားအား ၆-၃-၂၀၂၀ ရက်နေ့ နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အခြားကုန်သွယ်မှု ဆက်စပ်ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုန်သွယ်မှုအသိုင်းအဝိုင်းတွင်ပါဝင်သော အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ အသီးသီးတက်ရောက်ခဲ့ကြပြီး ၁၂:၀၀ နာရီအချိန်တွင် အခမ်းအနားအား အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

Scanned with CamScanner

# ဒုတိယအကောက်ခွန်မှူးရာထူး မှ အကောက်ခွန်မှူး ရာထူးသို့ တိုးမြှင့်ရေး စာမေးပွဲကျင်းပခြင်း




ဒုတိယအကောက်ခွန်မှူးရာထူး မှ အကောက်ခွန်မှူး ရာထူးသို့ တိုးမြှင့်ရေးစာမေးပွဲအား ၂၀၂၀ ပြည့်နှစ် ၊ မတ်လ ၁၄ ရက်နေ့ မှ ၁၇ ရက်နေ့အထိ ရန်ကုန်မြို့ ၊ အမျိုးသား စီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယအကောက်ခွန်မှူး စုစုပေါင်း ၃၀၆ ဦး ဖြေဆိုခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၁၉၀၃.၆၁၇ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ်လ ၁ ရက်နေ့ မှ ၃၁ ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ ၁၇၈ မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် ၁၉၀၃.၆၁၇ သန်းခန့် ဖြစ်ပါသည်။

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးမှု




ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု ၅၂ မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် ၉၀၁.၈၅၇ သန်း ရှိသည့်အနက် ၁၆-၃-၂၀၂၀ ရက်နေ့တွင် HPT ဆိပ်ကမ်း၌ Kayamas Co., Ltd မှ တင်သွင်းခဲ့သော Brand New Electronic Goods , Brand Name : AXIS , C/O Malaysia အား စစ်ဆေးခဲ့ရာ ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် AXIS LED TV 935 U နှင့် ID တွင်ကြေညာထားခြင်းမရှိသော AXIS LED TV 86 U ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၇၇.၃၈၀ သန်းအားတားဆီးခဲ့ပါသည်။


Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၁၉၀၃.၆၁၇ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ဖမ်းဆီးမှု







နယ်မြေတားဆီးမှု ၁၂၃ မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၉၉၉.၈၁၆ သန်း ရှိသည့် အနက် ၂၉-၃-၂၀၂၀ ရက်နေ့၌ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ် မှ မန္တလေးသို့မောင်းနှင်လာသော Mitsubishi Fuso (Bus) အမျိုးအစား ယာဉ် ၁ စီးပေါ်တွင် တင်သွင်းခွင့်မရှိသည့်အမိုနီယမ်နိုက်ထရိတ် ၄၀ အိတ် (၁ အိတ် x ၄၀ ကီလိုဂရမ်) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် ၁ စီး ၊စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁၀ သန်းအား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၁၉၀၃.၆၁၇ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားတားဆီး/ဖမ်းဆီးမှု**



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၇-၃-၂၀၂၀ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၉/၆ ပန်စုံကျေးရွာအနီး၌ TOYOTA CROWN ယာဉ် ၁ စီး နှင့် NISSAN AD VAN ယာဉ် ၁ စီးတို့အား မသင်္ကာ၍ စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံပိတ်ဆို့ဖမ်းဆီးခဲ့ရာ မိုင်တိုင်အမှတ် ၁၉၈/၂ ပိန်းဆာကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါယာဉ် ၂ စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ဖောက်ခွဲဖျက်ဆီးရေးသုံးပစ္စည်းများဖြစ်သော Electric Detonator +Wire (5.0 m) ဝိုင်ယာကြိုးတွဲလျက် Shock Tube Detonator 12700 U ၊ Electric Detonator + Wire (3.5 m) ဝိုင်ယာကြိုးတွဲလျက် Shock Tube Detonator 21100 U ၊ Electric Detonator 41000 U နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ် ၂ စီး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၁၆၈.၈၉၀ သန်းအားဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner


## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၁၉၀၃.၆၁၇ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားတားဆီး/ဖမ်းဆီးမှု**




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားမဝင် လိုင်စင်မဲ့ Mitsubishi Pajero ယာဉ် ၁ စီး နှင့် Toyota Alphrad ယာဉ် ၁ စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၄၇ သန်းအားစစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် ကွမ်းစားဆေးများ ဖျက်ဆီးခြင်း





အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူ စားသုံးရန်နှင့် သုံးစွဲရန်မသင့်သော ကွမ်းစားဆေးများ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁၁၈၁.၁ သန်းခန့်အား ၂၄-၃-၂၀၂၀ ရက်နေ့တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင် ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ရန်ကုန်- ပုသိမ် လမ်းမကြီးဘေးရှိ ကျေးရွာများနှင့် လွတ်ကင်းသော မြေကွက်လပ်နေရာတွင် စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




Aluminium Bottle Caps ၏ Duty Rate အား မေးမြန်းရာ အကောက်ခွန် 0%၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

Artificial Leather ၏ Duty Rate အား မေးမြန်းရာ အကောက်ခွန် 7.5%၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။







သစ်တောထွက်ပစ္စည်း ကြိမ်၊ ဝါးဖြင့် ရက်လုပ်သော ပစ္စည်းများတင်ပို့ရာတွင် မည့်သည့် အထောက်အထား လိုအပ်ကြောင်း မေးမြန်းရာ သစ်တောထောက်ခံချက်နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Scanned with CamScanner